# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 4, 2019 | Volume 26, Number 3


**၄.၁၂.၂၀၁၉**

| | |
|---|---|
| ကျွန်ုပ်ငွေဈေး (ဥက္ကာ့ရွှေဈေး) | = ၁၄၈၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၀၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၁/- ကျပ် |
| CBM Rate | = ၁၅၀၀.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၆၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၉.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၇.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၃.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၃.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၂ ၂၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၉၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၉.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၅၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## နှမ်းနက်မျိုးကောင်းမျိုးသန့်ပွားများထုတ်လုပ်နိုင်ရန် သုတေသနဆောင်ရွက်နေ



စားသုံးသူကြိုက်နှစ်သက်မှု အခြေခံ၍ ဈေးကွက်အလားအလာရှိသည့် နှမ်းနက်မျိုးများ၏ အရည်အချင်းနှင့် အရည်အသွေး လက္ခဏာများလေ့လာခြင်း သုတေသနကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဆီထွက်နှင့်ပဲမျိုးစုံသီးနှံ သုတေသနဌာနခွဲ၊ ဆီထွက်သီးနှံသုတေသနဌာနစုက သိရ သည်။

အဆိုပါ သုတေသနစမ်းသပ်ကွက်တွင် နှမ်းသီးနှံအဓိကထားစိုက်ပျိုးသည့် ဒေသအသီးသီးက စုဆောင်းရရှိသည့် နှမ်းမျိုး ၁၈ မျိုးကို သုတေသနပြုစမ်းသပ်စိုက်ပျိုးထားသည်။ နှမ်းနက်မျိုး များ၏ အပင်ပုံစံ (ကိုင်းဖြာထွက်မှု)၊ ပင်စည်အရောင်၊ ပင်စည်အမွေးပါရှိမှု၊ အရွက်အရောင်၊ ပန်းပွင့်ချိန်၊ အသီးသီးချိန်၊ အသီးတင်မှု၊ အသီးပုံစံနှင့်အရောင်၊ အသီးတွင်မွေးနုပါရှိမှု၊ သက်တမ်း၊ အထွက်နှုန်းအစရှိသော အရည်အချင်းလက္ခဏာများကို စိုက်ပျိုးရေးသုတေသနပညာရှင်များက အသေးစိတ်မှတ်တမ်းများ ကောက်ယူမည်ဖြစ်ကြောင်းသိရသည်။ ၎င်းစမ်းသပ်ကွက်မှ ရိတ်သိမ်းပြီးရရှိလာမည့် နှမ်းနက်မျိုးများ၏ နမူနာများကို ဂျပန်နိုင်ငံ သို့ ပေးပို့ကာ စားသုံးသူကြိုက်နှစ်သက်သည့် အရသာ၊ အရည်အသွေးနှင့် အာဟာရဓာတ်ပါဝင်မှုများကို စစ်ဆေးသွားမည်ဖြစ်သည့်အပြင်၊ မျိုးရိုးဗီဇလက္ခဏာနှင့်အချက်အလက်များကို မော်လီကျူလာနည်းပညာအသုံးပြု၍ သုတေသနပြုသွားမည်ဖြစ်ကြောင်းသိရသည်။

နှမ်းသီးနှံသုတေသနများဆောင်ရွက်ရာတွင် ဆီထွက်သီးနှံသုတေသနဌာနစုက ပြည်ပ ဈေးကွက်ဝင်အရည်အသွေးကောင်းနှမ်းနက်နှင့် နှမ်းဖြူမျိုးများ မွေးမြူထုတ်လုပ်ခြင်းနှင့် အထွက်နှုန်းသင့်တော်သော သက်လျင်နှမ်းမျိုးများ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ စားသုံးသူများကြိုက်နှစ်သက်သည့် ဈေးကွက်အလားအလာကောင်းသော အရည်အချင်း၊ အရည်အသွေးလက္ခဏာနှင့် ဗီဇများပါဝင်သည့် နှမ်းနက်မျိုးများကို ရွေးချယ်စိစစ်ကာ နှမ်းနက်မျိုးများမျိုးသန့်ပွားများ ထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ဒေါက်တာခင်မျိုးဝင်းဦးဆောင်သော သုတေသနပညာရှင်များက သုတေသနပြုဆောင်ရွက်လျက်ရှိသည်။

**Source:မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8360250

**CONTACT US**


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ပဲခူးတိုင်းဒေသကြီးတွင် အရည်အသွေးမြင့်ရော်ဘာများ ထုတ်လုပ်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်





စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ပူးပေါင်း၍ EIF (Enhanced Integrated Framework) အကူအညီဖြင့် ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်ရေးနှင့် အရည်အသွေးမြင့်မှိုင်းခံရော်ဘာထုတ်လုပ်မှုနည်းပညာ ဆိုင်ရာဆွေးနွေးပွဲကို ၄.၁၂.၂၀၁၉ နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ မြို့တော်ခန်းမတွင် နံနက် (၉:၃၀) နာရီမှ (၁၅:၀၀)နာရီထိ ကျင်းပခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရော်ဘာလုပ်ငန်းရှင်များ၊ ခြံရှင်များ စုစုပေါင်းလူဦးရေ (၁၂၀)ခန့် တက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရော်ဘာအသင်းမှ နည်းပညာအကြံပေး ဦးလှမြင့်မှ ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်ရေး၊ မြန်မာနိုင်ငံရော်ဘာအသင်းမှ ပညာရှင်ဦးအာကာမှ အရည်အသွေးမြင့်မှိုင်းခံရော်ဘာထုတ်လုပ်မှုနှင့် အတန်းအစားခွဲခြားခြင်း၊ မြန်မာနိုင်ငံရော်ဘာအသင်းမှ ပညာရှင် ဒေါ်အင်ကြင်းညီညီမှ “5 S” နှင့် လုပ်ဆောင်သွားရမည့်နည်းလမ်းများကို ဆွေးနွေးသွားပါသည်။ တက်ရောက်လာကြသူများမှ သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြပါသည်။

**Source: Myantrade–TIR**

## ကြက်သွန်နီပေါ်ချိန် ဈေးကောင်းရရန်မျှော်လင့်ဟု ကျောက်ဆည်ကြက်သွန်နီစိုက် တောင်သူများပြော

လက်ရှိအချိန်၌ ကြက်သွန်နီဈေးကွက်အနေအထားအရ တောင်သူများကြက်သွန်နီပေါ်ချိန်တွင် ကြက်သွန်နီဈေးနှုန်းများ ဆက်လက်ကောင်းမွန်ရန်လိုအပ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် လေးဆယ်ကုန်းကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဦးနိုင်လွင်ဦးကပြောသည်။ လက်ရှိအချိန်တွင် ပြည်တွင်း၌ ကြက်သွန်နီဈေးနှုန်း ဆက်လက်မြင့်တက်နေသဖြင့် ကြက်သွန်စိုက်တောင်သူ များအနေဖြင့် ၎င်းတို့၏လယ်ယာထွက်ကုန် ကြက်သွန်နီပေါ်ချိန်တွင် ဈေးကောင်းရရန်မျှော်လင့်နေကြကြောင်း ဒေသခံကြက်သွန်နီစိုက်တောင်သူများကပြောသည်။ "အခုအနေအထားအရ ကြက်သွန်နီဈေးကောင်းနေတော့ တောင်သူတွေအားလုံးက သူတို့စိုက်ခင်းကြည့်ပြီး ကျေနပ်ပီတိဖြစ်နေကြတာ။ အရင်နှစ်တွေကဆို ဥအဖြစ် မစောင့်တော့ဘဲ မိတ်သားကို နုတ်ရောင်းတာ။ ဒီနှစ်မှာတော့ ဈေးကောင်းတဲ့အရှိန်ကြောင့် ဘယ်သူမှနုတ် ရောင်းတယ်လို့မရှိဘူး။ ကြက်သွန်စိုက် တစ်ဧကကုန်ကျစရိတ်ကလည်း ခုနစ်သိန်းကျော်လောက်ကုန်တယ်။ တစ်ဧကေ ကြက်သွန်ပိဿာ ၁၅၀၀ ကျော် ၂၀၀၀ လောက်ထွက်မှ တောင်သူတွေဘက်ကလည်း အဆင်ပြေတာ"ဟု ကျောက်ဆည်မြို့နယ် လေးဆယ်ကုန်းကျေးရွာမှ ဦးနိုင်လွင်ဦးကပြောသည်။

လက်ရှိ ပြည်တွင်းကြက်သွန်နီဈေးနှုန်းသည် ပြီးခဲ့သည့်အောက်တိုဘာလကုန်ပိုင်းမှစတင်၍ တဖြည်းဖြည်း မြင့်တက်လာခဲ့ကြောင်းသိရပြီး ယခုလတ်တလောအချိန် တွင် ကျောက်ဆည်၌ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၂၆၀၀ မှ ၃၀၀၀ အထိ ဈေးပေးဝယ်ယူနေရကြောင်း ကျောက်ဆည်မြို့ အောက်ချိုင်းရပ်ရှိ လက်ဖက်ရည်ဆိုင်ပိုင်ရှင်အမျိုးသမီးတစ်ဦးထံမှသိရ သည်။

**Source:** https://myanmar.mmtimes.com/news/131896.html

## တရုတ်ဘက်မှ ဝယ်ယူမှုရပ်ထားသည့်အတွက် မန္တလေးပဲဈေးကွက်တွင် တစ်လအတွင်း ပဲကြီးဈေး ကျပ်တစ်သောင်းကျော်နှင့် ထောပတ်ပဲ ကျပ်နှစ်သောင်းကျော်ဈေးကျဆင်းနေ



ပဲဈေးကွက်ထဲတွင် ပဲရာသီအစက ဈေးကောင်းရနေသည့် ပဲကြီးနှင့် ထောပတ်ပဲတို့သည် တရုတ်နိုင်ငံဘက်မှ ဝယ်ယူမှုရပ်ထားခဲ့သည့်အတွက်ကြောင့် တစ်လအတွင်းတွင် သုံးတင်းတစ်အိတ်လျှင် ပဲကြီးဈေး ကျပ်တစ်သောင်းကျော်နှင့် ထောပတ်ပဲ နှစ်သောင်းကျော် ဈေးကျဆင်းနေသည်ဟု မန္တလေးပဲကုန်သည်များထံမှသိရသည်။ ယမန်နှစ်က ပဲရာသီစကတည်းကဝယ်နေပြီး လက်ရှိကာလတူအချိန်မှာ ထောပတ်ပဲက ၁၂၀၀၀၀ ဈေးနှင့် ပဲကြီးဈေး ၁၁၀၀၀၀ ဈေးရှိပြီး ဈေးကျဆင်းမှုမရှိခဲ့ကြောင်း ဒီနှစ်အနေနဲ့ ဈေးကျနေတာက တောင်သူတွေလက်ထဲ ပစ္စည်း မရှိတော့ဘဲ ဈေးတက်နိုးနိုးနှင့် လှောင်ထားသည့် ငွေရှင်တွေသာ နစ်နာမှု ရှိသည်ဟု ပဲကုန်သည် ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောကြားသည်။ “အခုရက်ပိုင်း မန္တလေးပဲဈေးကွက်ထဲမှာ ထောပတ်ပဲနှင့် ပဲကြီးဈေးက ဈေးကျဆင်းနေတယ်။ ဘာလို့လဲဆိုတော့ ပေါ်ခါစအချိန်တုန်းက ၂၀၁၉ ပဲရာသီပေါ်ကစ အချိန်မှာ ပဲကြီးဈေး ၁၁၀၀၀၀ ကျော်ဈေးရှိခဲ့တယ်။ ထောပတ်ပဲ ဈေးကလည်း ၁၁၀၀၀၀ ကျော် ဈေးမှာပဲရှိတယ်။ အခုရက်ပိုင်း ပဲကြီးဈေးက ၉၀၀၀၀ ကျော်ရှိပြီး ထောပတ်ပဲက ၇၀၀၀၀ ကျော်ဈေးရှိတယ် ဈေးအရမ်းကျခဲ့တယ်။ ဒါပေမဲ့ တရုတ်ကမဝယ်ယူရပ်ထားနေတာ။ အခုရက်ပိုင်း ပြန်ဝယ်ယူမှုကြောင့် ထောပတ် ပဲက ၇၃၀၀၀ ကနေ ၇၅၀၀၀ ဈေးဖြစ်နေတယ်။ ပဲကြီးဈေးကလည်း ပေါ်ဦးပေါ်ဖျားက အရှိန်အဟုန်နဲ့ဝယ်ယူနေပြီး အခုရက်ပိုင်း ဝယ်ယူမှုရပ်ထားခဲ့တယ်အတွက် ပဲကြီးဈေး က ၉၀၀၀၀ ကျော်ဈေးပဲရှိတယ် ပဲကြီးပြန် ပေါ်ဖို့ကလည်း အချိန်နီးနေပါပြီ။ ဈေးအနေနဲ့က တရုတ်ပြည် ဝယ်လက်အပေါ်မှာပဲ အားထားနေရသည့်အတွက် အလားလာက တရုတ်လမ်းကြောင်းကောင်းမယ်။ ငွေဈေးဝယ်လို့အားစသည့် အချက်သုံးချက် အပေါ် ဈေးတက်ဖို့ကမှုတည်နေပါတယ်။ ပဲကြီးပြန်လည်ဝယ်ယူရင် ဈေးကျနိုင်စရာမရှိဘူး။ ထောပတ်ပဲလည်း ပြန်လည်ပြီး ယနေ့ ဝယ်ယူနေပါတယ်” လို့ ပဲကုန်သည် ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောကြားသည်။ ယခင်နှစ်များက ပြည်တွင်းရှိ ပဲကြော်၊ ပဲလှော်ဖိုများက ပဲကြီးကိုကြော်လှော်၍ ခေတ်မီထုပ်ပိုး နည်းစနစ်များဖြင့် ရန်ကုန်မှတစ်ဆင့် နိုင်ငံတကာသို့ တွင်ကျယ်စွာ တင်ပို့ရောင်းချနေကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ပဲကြီးကို အညာဒေသများဖြစ်သည့် မကွေး၊ အောင်လံ၊ ပျော်ဘွယ်၊ ရမည်းသင်း၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာ၊ ပခုက္ကူတို့တွင် အဓိကစိုက်ပျိုးကြပြီး ရေဝတီမြစ်ကမ်းဘေးရှိ ကျွန်းမြေများပေါ်လည်း စိုက်ပျိုးကြသည်။ ပဲကြီးကို စက်တင်ဘာလမှစပြီး ဆောင်းသီးနှံအဖြစ် အများဆုံးစိုက်ပျိုးကြကာ ဇန်နဝါရီလကုန်ပိုင်းတွင် စတင်ထွက်ရှိလာပြီး ဧပြီလအတွင်း၌ လှိုင်လှိုင်ပေါ်ထွက်လေ့ရှိကြောင်းနှင့် လက်ရှိအချိန်တွင် လက်ကျန်နည်းပါးလာနေပြီဖြစ်ကြောင်းသိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ၊ မလှိုင်ဒေသများမှ အများဆုံးထွက်ရှိပြီး ဧရာဝတီမြစ်ရိုး တစ်လျှောက် ၌ စိုက်ပျိုးသည့် မတ္တရာ၊ စဉ့်ကူးမြို့နယ်များမှ ထောပတ်ပဲ(အပြား)များ ထွက်ရှိကာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှလည်းထွက်ရှိကြောင်း၊ ထောပတ်ပဲကို အဓိကတင်ပို့နေသည်က တရုတ်ဖြစ်ပြီး ဂျပန်၊ အီးယူစသည့်နိုင်ငံများကို တင်ပို့မှုရှိကြောင်းသိရသည်။

**Soucrce:** https://news-eleven.com/article/148149

## ကမ္ဘာ့ရေနံဈေး တစ်စည် ၅၆ ဒေါ်လာဝန်းကျင်အထိ ပြန်ကျခဲ့ပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ငါးရက်အတွင်း တစ်လီတာ ၂၅ ကျပ် ပြန်လည်ကျဆင်း

ကမ္ဘာ့ရေနံဈေး ၅၆ ဒေါ်လာဝန်းကျင်အထိ ပြန်ကျခဲ့ပြီး ပြည်တွင်း စက်သုံးဆီဈေးနှုန်းများ ငါးရက်အတွင်း တစ်လီတာ ၂၅ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှသိရ သည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာ ဝန်းကျင်အထိမြင့်တက်ခဲ့ကာ နိုဝင်ဘာ ၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ ဝန်းကျင်ဖြစ်ပေါ်ခဲ့သည်။



ဒီဇင်ဘာ ၄ ရက်တွင် ရန်ကုန်မြို့ရှိ စကသုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ် တစ်လီတာ ၉၄၅ ကျပ် (တစ်ဂါလန် ၄၂၉၆ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၉၅၅ ကျပ် (တစ်ဂါလန် ၄၃၄၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၈၇၅ ကျပ် (တစ်ဂါလန် ၃၉၇၇ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၉၆၅ ကျပ် (တစ်ဂါလန် ၄၃၈၆ ကျပ်) ဖြစ်ပြီး နိုဝင်ဘာ ၂၉ ရက်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှင့်နှိုင်းယှဥ်ပါက စက်သုံးဆီဈေးနှုန်းများ တစ်လီတာ ၂၅ ကျပ်အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်လမှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် စံချိန်တင်ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၈၅၅ (တစ်ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၆၇၀ ကျပ် (တစ်ဂါလန် ၃၀၄၁ ကျပ်) အောက်တိန်း 95 Ron တစ်လီတာ ၇၃၀ ကျပ် (တစ်ဂါ လန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏများမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက်အကျနည်းပါးခဲ့ကာ ဇွန်လ (၂၁ ရက်အထိ)တွင် ကျပ် ၁၁၀ မှ ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်ပြန်လည် မြင့်တက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက် မှ စက်တင်ဘာ ၂၅ ရက်အတွင်း တစ်လီတာ ကျပ် ၇၀ အထိပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့သည်။ အောက်တိုဘာ ၉ ရက်မှ ၂၅ ရက်အထိ တစ်လီတာ ကျပ် ၄၀ မှ ၄၅ ကျပ်အထိ ပြန်တက်ခဲ့ပြီး အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ တစ်လီတာ ကျပ် ၁၀ မှ ၁၅ ကျပ်အထိ ပြန်ကျခဲ့ကာ နိုဝင်ဘာ ၆ ရက်မှ ၁၉ ရက်အထိ တစ်လီတာ ၁၀ မှ ၃၅ ကျပ်အထိ၊ နိုဝင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်လီတာ ၂၅ ကျပ်မှ ၃၅ ကျပ်အထိ မြင့်တက်ခဲ့သည်။

**Source:** https://news-eleven.com/article/148379

## ရုရှားနိုင်ငံထံမှ ကျောက်မီးသွေးများ အိန္ဒိယတိုးမြှင့်တင်သွင်းမည်

အိန္ဒိယနိုင်ငံသည် ၎င်း၏သံမဏိထုတ်ကုန်များ (Steel products) ထုတ်လုပ်ရာတွင် အသုံးပြုရသည့် အဓိက ကုန်ကြမ်းပစ္စည်းတစ်မျိုးဖြစ်သော သတ္တုအရည်ကျိုလုပ်ငန်းသုံး ကျောက်မီးသွေး (Coking coal) အား အမေရိကန်၊ ကနေဒါစသည့်နိုင်ငံများမှ တင်သွင်းနေရမှုကိုလျှော့ချပြီး ပိုမိုစရိတ်သက်သာမှုရှိသည့် အရင်းအမြစ်ဒေသများမှ ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရုရှားနိုင်ငံထံမှ တိုးမြှင့်ဝယ်ယူရရှိတော့မည်ဖြစ်သည်။

အိန္ဒိယ ရေနံနှင့်သဘာဝဓါတ်ငွေ့ဝန်ကြီး Mr. Dharmendra Pradhan သည် ရုရှားအရှေ့ဖျားဒေသ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန်အေဂျင်စီမှ အမှုဆောင်အရာရှိချုပ် Mr. Leonid Petukhov အား နိုဝင်ဘာလ ၂၆ ရက်နေ့၌ လက်ခံတွေ့ဆုံလျက် ရုရှားအရှေ့ဖျားဒေသရှိ ဆိပ်ကမ်းများ၏ အခြေခံအဆောက်အအုံ တည်ဆောက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းဆိပ်ကမ်းများနှင့် ရုရှားသတ္တုမိုင်းနေရာဒေသများအကြား ဆက်သွယ် ပို့ဆောင်မှု တိုးတက်ကောင်းမွန်ရေးကိစ္စရပ်များအပါအဝင် အဆိုပါသတ္တုတွင်းလုပ်ငန်းများမှထွက်ရှိသည့် သတ္တု

အရည်ကျိုလုပ်ငန်းသုံးကျောက်မီးသွေးများအား ဝယ်ယူတင်သွင်းနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။ Mr. Pradhan က ဈေးနှုန်းအရသက်သာမှု၊ လွယ်ကူစွာရရှိနိုင်မှု၊ ဆိပ်ကမ်းများနှင့်ဆက်သွယ်လျက် ပင်လယ်ရေကြောင်းမှ သယ်ယူပို့ဆောင်နိုင်မှုစသည့်အားသာချက်များရှိနေခြင်းက ရုရှားအရှေ့ဖျားဒေသမှ သတ္တုအရည်ကျိုလုပ်ငန်းသုံး ကျောက်မီးသွေးထုတ်လုပ်တင်ပို့မှုမှာ ပိုမိုတိုးတက်လာနိုင်ချေရှိကြောင်း၊ ရုရှားနိုင်ငံဘက်မှ ၎င်း၏အရှေ့ဖျားဒေသ၌ ကုန်းတွင်းနှင့် ပင်လယ်ဆိပ်ကမ်းထောက်ပံ့ပို့ဆောင်ရေးနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းသည် အိန္ဒိယနိုင်ငံနှင့် စီးပွားရေးအရ ချိတ်ဆက်မှုကိုလည်း တိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်း နှင့် ရုရှားအရှေ့ဖျားဒေသ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန်အေဂျင်စီအနေဖြင့် အိန္ဒိယကုမ္ပဏီများ၏ ကျောက်မီးသွေး ဝယ်ယူတင်သွင်းမှုကို အထူးသတ်မှတ်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုရေးနှင့် ဆိပ်ကမ်းဝန်ဆောင်မှုများအား ဦးစားပေးနှုန်းထားများဖြင့် သုံးစွဲခွင့်ပြုနိုင်ရေး စီမံဆောင်ရွက်ရန်တိုက်တွန်းပြောကြားခဲ့သည်။

Mr. Pradhan သည် လွန်ခဲ့သော ၃ လအတွင်း မော်စကိုမြို့နှင့် ဗလာဒီဗော့စတော့ မြို့များသို့ သွားရောက်လျက် ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ရုရှားနှင့်အိန္ဒိယတို့မှ သံမဏိပစ္စည်း ထုတ်ကုန် လုပ်ငန်းရှင်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ထို့ နောက် အိန္ဒိယကုမ္ပဏီများသည် ရုရှားအရှေ့ဖျားဒေသမှ ကျောက်မီးသွေးနမူနာများအား ၎င်းတို့၏ သံမဏိထုတ်လုပ်သည့်စက်ရုံများတွင် စမ်းသပ်သုံးစွဲမှုများ စတင် လုပ်ဆောင်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် နှစ်စဉ်သတ္တုအရည်ကျိုလုပ်ငန်းသုံး ကျောက်မီးသွေးတန်ချိန် သန်း ၅၀ ခန့်အား ပြည်ပမှ တင်သွင်းလျက်ရှိရာ အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန၏ စာရင်းများအရ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဩစတေးလျမှ တန်ချိန် ၃၆.၉ သန်း၊ ကနေဒါမှ တန်ချိန် ၄.၃ သန်း၊ အမေရိကန်မှ တန်ချိန် ၄.၁ သန်း တင်သွင်းခဲ့ပြီး ရုရှားနိုင်ငံထံမှ တန်ချိန် ၀.၅ သန်းကျော်သာ တင်သွင်းခဲ့ကြောင်းတွေ့ရှိရသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ ရုရှားနိုင်ငံအရှေ့ပိုင်း၊ Vladivostok မြို့တွင်ကျင်းပသည့် ပဉ္စမအကြိမ်မြောက် အရှေ့ဖျားဒေသစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် သွားရောက်သည့်ခရီးစဉ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဈေးငွေဒေါ်လာ ၁ ဘီလီယံ ပေးအပ်မည်ဟု ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ပြောကြားမှုနှင့်အတူ အိန္ဒိယသည် ရုရှားနိုင်ငံနှင့်စီးပွားရေးဆက်ဆံမှုကို တိုးမြှင့်လျက် ရှိရာ ရုရှားအရှေ့ဖျားဒေသမှ သတ္တုအရည်ကျိုလုပ်ငန်းသုံးကျောက်မီးသွေးများ ဝယ်ယူတင်သွင်းမှုသည်လည်း ပိုမို တိုးတက်လာမည်ဖြစ်ပါသည်။

စီးပွားရေးသံမှူး-နယူးဒေလီမြို့

**Source: India in talks with Russia to import coking coal to reduce dependence on others, 27 Nov 2019**

**Economic Times**

## အမေရိကန်၏ လယ်ယာထွက်ပို့ကုန်များအပေါ် သွင်းကုန်ခွန်လျှော့ချရန် အိန္ဒိယစဉ်းစားမည်

၂၀၁၉ ခုနှစ် နိုဝင်ဘာလတတိယပတ်အတွင်း အိန္ဒိယနိုင်ငံနှင့်အမေရိကန်နိုင်ငံတို့အကြား အဆင့်မြင့် အရာရှိများအဆင့် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ရာတွင် အိန္ဒိယဘက်မှ အကောက်ခွန်လျှော့ချ သက်သာခွင့်ပြုရန် ထည့်သွင်းစဉ်းစားမည့် ကုန်စည် အမယ်ပေါင်း ၄၀ ခန့်ကို သတ်မှတ်နိုင်ခဲ့ကြောင်းသိရှိရသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Piyush Goyal နှင့် အမေရိကန် ကုန်သွယ်ရေး ကိုယ်စားလှယ် Mr. Robert Lighthizer တို့ နိုဝင်ဘာလ လဆန်းပိုင်း၌ တွေ့ဆုံခဲ့ကြပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံ ကုန်သွယ်ရေး ဆွေးနွေးမှုများ၌ တိုးတက်မှုများရရှိလာခဲ့ကြောင်း၊ အိန္ဒိယဘက်မှ သွင်းကုန်ခွန်လျှော့ချရန် ထည့်သွင်း စဉ်းစားမည့်စာရင်းတွင် အခွံမာသစ်စေ့သီး (pistachio)၊ သစ်ကြားသီးနှင့် ပန်းသီးတို့အပါအဝင် အမေရိကန်၏ လယ်ယာထွက်ကုန်စည်များ ပါဝင်သော်လည်း နို့ထွက်ပစ္စည်းနှင့် အချို့သောပဲမျိုးများမှာ ဆွေးနွေးရာ၌ပါဝင်ခြင်း

မရှိကြောင်း၊ နှစ်ဘက်အရာရှိများသည် ဆေးပစ္စည်းကိရိယာများ ကုန်သွယ်မှုအတွက် အခွန်သုညရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း အိန္ဒိယနိုင်ငံရှိ Economic Times သတင်းဌာနမှ ဖော်ပြပါသည်။

အိန္ဒိယ၏ နို့ထွက်ပစ္စည်းနှင့်ဆေးပစ္စည်းကိရိယာများ တင်သွင်းမှုနှင့်စပ်လျဉ်း၍ ဈေးနှုန်းထိန်းချုပ်ဆောင်ရွက်မှုသည် အမေရိကန်နိုင်ငံအတွက် အိန္ဒိယနှင့်ကုန်သွယ်ရေး ညှိနှိုင်းဆွေးနွေးရာတွင် အဓိကအဖြေရှာရမည့် ကိစ္စရပ်အဖြစ်ပါဝင်လျက်ရှိသည်။ နှစ်ဘက်လုံး၌ ထိခိုက်လွယ်သည့် ကိစ္စရပ်များရှိနေသော်လည်း ယခုကဲ့သို့ အပြုသဘောဆောင်သည့် ရလာဒ်များအရ နှစ်နိုင်ငံကုန်သွယ်မှုသဘောတူညီချက်အား မကြာမီကာလများအတွင်း အပြီးသတ်နိုင်ဖွယ်ရာရှိကြောင်း သုတေသီများကသုံးသပ်လျက်ရှိသည်။

စီးပွားရေးသံမှူး-နယူးဒေလီမြို့

**Source:** **Dairy out of India-US trade talks for now, 26 Nov 2019, Economic Times**

## အိန္ဒိယစီးပွားရေး တိုးတက်မှုနှုန်း ၃ နှစ်အတွင်း ထက်ဝက်ခန့်ကျဆင်း

အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်းကတော့ သုံးနှစ်တာအတွင်း ထက်ဝက်ခန့်အထိ ကျဆင်းသွားခဲ့တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ သုံးနှစ်ခန့်တုန်းကတော့ ယင်းနိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုနှုန်းဟာ ၉ ရာခိုင်နှုန်းခန့်အထိရှိခဲ့တာ ဖြစ်ပေမယ့် ယခုအခါမှာတော့ တိုးတက်မှုနှုန်းထားဟာ ယင်းရဲ့ ထက်ဝက်ခန့်အထိကို ကျသွားခဲ့တာဖြစ်ပါတယ်။

နိုင်ငံရဲ့ဂျီဒီပီဟာ ပြီးခဲ့တဲ့ဇူလိုင်လနဲ့စက်တင်ဘာလအကြား သုံးလပတ်မှာ ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ တိုးတက်ခဲ့တာဖြစ်ပါတယ်။ ယင်းကတော့ ၂၀၁၃ နောက်ပိုင်း အနိမ့်ဆုံးလယ်ဗယ်လည်းဖြစ်ပါတယ်။ ဂျီဒီပီ တိုးတက်မှုကတော့ ယမန်နှစ်အလားတူကာလက ၇ ရာခိုင်နှုန်း၊ ပြီးခဲ့တဲ့အစောပိုင်း သုံးလပတ်က ၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ယခုအခါမှာ စီးပွားရေးတိုးတက်မှုဟာ သီတင်းပတ်ခြောက်ပတ်ဆက်တိုက်ကျဆင်းထားခဲ့ပြီဖြစ်ပါတယ်။

**Source:** https://www.facebook.com/SFJWeekly/?ref=page_internal

## Brexit ကြောင့် ယူကေကားထုတ်လုပ်မှု ထက်ဝက်ခန့်လျော့ကျနိုင်

လက်ရှိမှာ ယူကေရဲ့ ကားထုတ်လုပ်မှုကတော့ ကျဆင်းမှုတွေ ရှိထားနှင့်ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိ Brexit (အီးယူကနေ ဗြိတိန်နုတ်ထွက်မှု) က ယင်းအခြေအနေကို ပိုဆိုးသွားစေဖို့လည်းရှိနေပြီး တစ်နှစ်တာ ထုတ်လုပ်နိုင်မှုကို စီးရေ ၁ သန်းသာသာအောက်မှာပဲ ရှိစေနိုင်တယ်လို့သိရပါတယ်။ ယင်းကတော့ လာမယ့် ၂၀၂၀ မှာ ထုတ်လုပ်ဖို့ မူလက ရည်မှန်းထားတဲ့ စီးရေပမာဏထက် ထက်ဝက်ခန့်လျော့ကျနေတဲ့ ပမာဏလည်းဖြစ်တယ်လို့ဆိုပါတယ်။

အလားတူ အောက်တိုဘာလက ဗြိတိန်မှာ ထုတ်လုပ်တဲ့ ကားအရေအတွက်ဟာ ၄ ရာခိုင်နှုန်းခန့် ကျသွားခဲ့တယ်လို့ လုပ်ငန်းတွင်း ဒေတာကိန်းဂဏန်းတွေအရသိရပါတယ်။ ယင်းနိုင်ငံက ကားထုတ်လုပ်မှုကတော့ ပြီးခဲ့တဲ့ ၁၇ လ မှာ ၁၆ လအထိ ကျဆင်းမှုတွေ ဖြစ်ပေါ်ထားခဲ့တယ်လို့သိရပါတယ်။

**Source:** https://edition.cnn.com/…/business/brexit-uk-car…/index.html

SFJ Strategy First Journal

## တောင်ကိုရီးယား စီးပွားရေးတိုးတက်မှု ဆယ်စုနှစ်အတွင်း အနိမ့်ဆုံးနှုန်းကိုလျော့ချခန့်မှန်း

ယခုနှစ် တောင်ကိုရီးယားစီးပွားရေးဟာ ၂ ရာခိုင်နှုန်းခန့်သာ ရှိမယ်ဆိုပြီး ယင်းနိုင်ငံရဲ့ ဗဟိုဘဏ်က နိုဝင်ဘာ ၂၉ ရက်မှာ လျှော့ချခန့်မှန်းလိုက်ပါတယ်။ ဒါကတော့ ယင်းနိုင်ငံအတွက် ဆယ်စုနှစ်တစ်စုအတွင်းအားအနည်းဆုံးနှုန်းထားလည်းဖြစ်ပါတယ်။ လက်ရှိမှာ ဂျပန်နဲ့အကြား ကုန်သွယ်ရေးတင်းမာမှုတွေရှိနေခြင်းက တောင်ကိုရီးယားစီးပွားရေးအပေါ် သက်ရောက်မှုတွေရှိနေပါတယ်။

ကမ္ဘာ့ ၁၁ ခုမြောက် အကြီးဆုံးစီးပွားရေးဖြစ်တဲ့ တောင်ကိုရီးယား စီးပွားရေးကတော့ နိုင်ငံတကာ ကုန်သွယ်မှုအပေါ်

အဓိကမှီခိုအားထားနေရတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း တရုတ်-အမေရိကန်ကုန်သွယ်ရေးစစ်၊ ဂျပန်နဲ့အကြား ကုန်သွယ်ရေးတင်းမာမှုတို့ကြောင့် ခုချိန်မှာတောင်ကိုရီးယားအနေနဲ့ ရုန်းကန်နေရတာဖြစ်ပါတယ်။

**Source:** https://www.channelnewsasia.com/.../south-korea-cut-growth-fo...

SFJ Strategy First Journal

## T-Mobile က အမေရိကန်နိုင်ငံတစ်ဝန်း 5G ကွန်ရက်ဝန်ဆောင်မှုဖြန့်ကျက်

အမေရိကန်နိုင်ငံတစ်ဝန်း 5G ကြိုးမဲ့ကွန်ရက် ဝန်ဆောင်မှုကိုဖြန့်ကျက်ပေးတဲ့ ပထမဆုံးသော လုပ်ငန်းဖြစ်လာခဲ့ကြောင်း T-Mobile က ဒီဇင်ဘာ ၂ ရက်မှာ ထုတ်ပြန်လိုက်ပါတယ်။ဒါပေမယ့်လည်း ယခုဖြန့်ကျက်လိုက်တဲ့ အဆိုပါ မျိုးဆက်သစ် 5G ကွန်ရက်ဟာ လူတစ်ချို့ထင်ထားတာထက်တော့နှေးကွေးနေဦးမယ်လို့ T-Mobile ကပြောပါတယ်။ ယခုဖြန့်ကျက်ပေးလိုက်တဲ့ ယင်းရဲ့ကွန်ရက်ကတော့ လူပေါင်းသန်း ၂၀၀ ကို လွှမ်းခြုံမယ်လို့ အမေရိကန်ရဲ့ တတိယမြောက်အကြီးဆုံး wireless carrier ဖြစ်တဲ့ T-Mobile က ဆိုပါတယ်။

ဒါ့အပြင် ယခု T-Mobile ရဲ့ ဖြန့်ကျက်မှုကတော့ ယခုနှစ်စပိုင်းမှာ ယင်းရဲ့ ပြိုင်ဘက်တွေဖြစ်တဲ့ Verizon နဲ့ AT&T တို့က အကန့်အသတ်နဲ့သာ ဖြန့်ကျက်ပေးထားတဲ့ 5G ဖြန့်ကျက်မှုတွေထက်လည်း သာလွန်သွားခဲ့တာဖြစ်ပါတယ်။ ပြိုင်ဘက် Sprint နဲ့ ပေါင်းစည်းဖို့ စီစဉ်ထားတဲ့ ကိစ္စကိုသာ အပြီးသတ်နိုင်မယ်ဆိုရင် ယင်းရဲ့ 5G ကွန်ရက်ကို ယခုထက် ပိုတိုးတက်အောင်၊ ပိုကျယ်ပြန့်အောင် ချဲ့ထွင်လုပ်ဆောင်မယ်လို့ T-Mobile က ပြောသွားပါတယ်။

**Source:** https://www.channelnewsasia.com/.../t-mobile-launches-5g-serv...

SFJ Strategy First Journal

## ဟောင်ကောင်အခြေစိုက်ကုမ္ပဏီ Sasa က စင်ကာပူမှာ လက်လီစတိုးအားလုံးကို ပိတ်သိမ်းတော့မည်

ဟောင်ကောင်အခြေစိုက် ကော်စမတ်တစ် လက်လီလုပ်ငန်းကြီးတစ်ခုဖြစ်တဲ့ Sasa International က ယခုအခါ စင်ကာပူမှာရှိတဲ့ ယင်းရဲ့ စတိုးဆိုင် ၂၂ ခုစလုံးကို ပိတ်သိမ်းတော့မယ်လို့ကြေညာသွားခဲ့ပါတယ်။ ယင်း ဆုံးဖြတ်ချက်ကြောင့် ဝန်ထမ်း ၁၇၀ ခန့် အလုပ်အကိုင်တွေ ဆုံးရှုံးရဖို့ရှိနေကြောင်း Sasa က ထုတ်ပြန်ပါတယ်။ ဒါပေမယ့် စင်ကာပူက အလုပ်သမား ဥပဒေတွေ၊ စည်းမျဉ်းတွေနဲ့အညီ နစ်နာကြေးတွေ အပြည့်အဝ ထုတ်ပေး သွားမယ်လို့ Sasa က ပြောပါတယ်။ Sasa အနေနဲ့ စင်ကာပူဈေးကွက်မှာ ကျေနပ်လောက်ဖွယ်ရာ ရလဒ်တွေမရခဲ့ဘဲ ခြောက်နှစ်ဆက်တိုက် အရှုံးပေါ် နေခဲ့ကြောင်း ယင်းကုမ္ပဏီက ထုတ်ပြန်သွားခဲ့ပါတယ်။ ယင်းအတွက်ကြောင့် ယခုလိုဆုံးဖြတ်ချက်ကို ချမှတ်လိုက်ရခြင်းဖြစ်တယ်လို့ဆိုပါတယ်။ ဒါ့အပြင် Sasa ရဲ့ အဓိကဟောင်ကောင်ဈေးကွက်မှာလည်း ခရီးသွားအဝင် ကျဆင်းမှုနဲ့ အတူ ထိခိုက်မှုတွေဖြစ်ပေါ်နေတယ်လို့သိရပါတယ်။

**Source:** https://www.channelnewsasia.com/.../sasa-cosmetics-to-close-a...

SFJ Strategy First Journal

## သွင်းကုန်စည်းကြပ်မည့် အမေရိကန်ခြိမ်းခြောက်မှု ပြင်သစ်နှင့်အီးယူ တုံ့ပြန်ရန်အသင့်ရှိ

ပြင်သစ်ထုတ်ကုန်တွေအပေါ် သွင်းကုန်ခွန်စည်းကြပ်မယ့် အမေရိကန်ခြိမ်းခြောက်မှုနဲ့ပတ်သက်လို့ ပြင်သစ်နဲ့အီးယူကိုတုန့်ပြန်ဖို့ အဆင်သင့်ရှိတယ်လို့ ဒီဇင်ဘာလ ၃ ရက်မှာ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီးက ပြောလိုက်ပါတယ်။ ပြင်သစ်ရဲ့ ဒစ်ဂျစ်တယ်ဝန်ဆောင်မှု အခွန်တွေက အမေရိကန် နည်းပညာကုမ္ပဏီတွေကို ထိခိုက်စေမယ်လို့ ကောက်ချက်ချပြီးနောက်မှာ အမေရိကန် ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ တန်ဖိုးရှိတဲ့ ပြင်သစ်သွင်းကုန်တွေအပေါ် အခွန် ၁၀၀ ရာခိုင်နှုန်းအထိ စည်းကြပ်နိုင်တယ်လို့ အမေရိကန်အစိုးရက ဒီဇင်ဘာ ၂ ရက်နေ့မှာ ပြောခဲ့ပါတယ်။

အမေရိကန်စည်းကြပ်မယ့် ပြင်သစ်ထုတ်ကုန်တွေထဲမှာ ရှန်ပိန်၊ လက်ကိုင်အိတ်၊ ချိစ်နဲ့ တခြားထုတ်ကုန်တွေ ပါဝင်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ပြင်သစ်ဘဏ္ဍာရေးဝန်ကြီး ဘရူနို လာမဲရားက အမေရိကန် အဆိုပြုချက်တွေဟာ လက်ခံနိုင်စရာမရှိဘဲ အမေရိကန် အရေးယူဒဏ်ခတ်တာရှိရင် အီးယူအနေနဲ့ လက်တုံ့ပြန်ဖို့ အဆင်သင့်ရှိနေမယ်ဆိုပြီး ရေဒီယိုကလက်ဆစ်ကို ပြောခဲ့ပါတယ်။ ပြင်သစ်ထုတ်ကုန်တွေအပေါ် အမေရိကန်သွင်းကုန်ခွန် စည်းကြပ်မယ့် ဆုံးဖြတ်ချက်ကြောင့် ထိပ်တန်း ပြင်သစ်ဇိမ်ခံပစ္စည်းထုတ်ကုန် စတော့ရှယ်ယာတွေ ကျဆင်းခဲ့ပါတယ်။ နာမည်ကြီး ပြင်သစ်ထုတ်ကုန်တွေဖြစ်တဲ့ LVMH ၊ ကာရင်းနဲ့ ဟာမိစ်တို့ရဲ့ စတော့ရှယ်ယာတွေဟာ အစောပိုင်း အရောင်းအဝယ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်းကနေ ၁ ဒသမ ၅ ရာခိုင်နှုန်းကို ကျဆင်းခဲ့ပါတယ်။

**Source :** DVB

https://news.ydnp.net/314441

## STOCK EXCHANGE (4.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 11,500 | 11,500 | 765 | 8,797,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,800 | 3,850 | 3,800 | 8,146 | 31,330,950 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 50 | 1,150,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,800 | 540 | 1,519,900 | 12,823,224 | 36,546 |

### Market summary

As of 4th Dec. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 468.41 | +9.90 | +2.16% | 466.99 | 468.41 | 466.99 | 9,501 | 42,798,350 | 5 | 641,405 |

**Index chart**



# Market Overview

As of 1:00 pm, 4th Dec. 2019

| MYANPIX | 468.41 ▲ 9.90 |
|---|---|
| Total Volume (shares) | 9,501 |
| Total Value (MMK) | 43 mil |
| Listed Company | 5 |
| Market Cap. (MMK) | 641,405 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |

TIR